# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၇)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ၅-၁-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၄

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးသဘင်ဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီမဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊

စာမျက်နှာ ၃ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး သက်ထွန်းအောင်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်လှယဉ်မင်းက လက်ခံစဉ်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်**

နေပြည်တော် ဇန်နဝါရီ ၄

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၅ ရက် ၊ တနင်္ဂနွေနေ့ ။

မန္တလေး နေ့စဉ်

## သစ်တောပုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး ဆောင်ရွက်လျက်ရှိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တရားမဝင်သစ် စုစုပေါင်း ၅၆၇၂ တန် ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့သည်။

သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရန်နှင့် သစ်နှင့် သစ်တောထွက်ပစ္စည်းခိုးယူထုတ်လုပ်မှုများ လျှော့နည်းပပျောက်စေရေးအတွက် တရားမဝင် သစ်တားဆီးကာကွယ်ရေးသည်လည်း အထူးအရေးကြီးကြောင်း၊ ဝန်ထမ်းများ ကျန်းမာပျော်ရွှင်စေရေးအတွက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲအား အားကစားနည်း ၆ မျိုးဖြင့် ကျင်းပပေးခဲ့ကြောင်း၊ စိုက်ခင်းထူးချွန်ဆု၊ တရားမဝင်သစ်ဖမ်းဆီးရမှုထူးချွန်ဆုနှင့် အားကစားပြိုင်ပွဲဆုရသူများအား ဂုဏ်ပြုပါကြောင်းနှင့် နှစ်သစ်တွင် ဝန်ထမ်းမိသားစုများအားလုံး ကျန်းမာပျော်ရွှင်စွာဖြင့် တိုင်းပြည်အကျိုးကို ထမ်းဆောင်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဇန်နဝါရီ ၃ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ်တွင် ကျင်းပသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ စိုက်ခင်းထူးချွန်ဆု၊ သစ်ဖမ်းဆီးရမိမှုထူးချွန်ဆုနှင့် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများတွင် ဆုရရှိသောဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၏ ဘွဲ့နှင်းသဘင်ခန်းမဖွင့်ပွဲ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ၂၀၂၃ ခုနှစ်တွင် တက္ကသိုလ်အဆင့် သစ်တောပညာ နှစ် ၁၀၀ ပြည့်အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဘွဲ့နှင်းသဘင်ခန်းမအား အဆင့်အတန်းမီစေရန် အကြီးစားပြင်ဆင်ခြင်း၊ အဝင်လမ်းသစ်ဖောက်လုပ်ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းတို့အား အဆင့်မြင့်တင် ဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အချိန်အထိ သစ်တောသိပ္ပံဘွဲ့ရ ၃၀၈၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အရည်အသွေး ပြည့်ဝသောပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် သင်ကြားပြသသည့် ဆရာ၊ ဆရာမများအနေဖြင့်လည်း စွမ်းဆောင်ရည်ပြည့်ဝရန် အရေးကြီးကြောင်း၊ အစဉ်အလာကြီးမားခဲ့သည့် တက္ကသိုလ်ဖြစ်သည်နှင့်အညီ ယခုပညာရည်ဆည်းပူးရန် ရောက်ရှိလာသော မောင်တို့မယ်တို့အနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ဆရာ၊ ဆရာမများ၏ ဆုံးမစကားကိုနာယူ၍ ကြိုးစားအားထုတ်စေလိုကြောင်း၊ ဆရာ၊ ဆရာမများကလည်း ကျောင်းသား၊ ကျောင်းသူများအပေါ် သားသမီးသဖွယ် ကြည့်ရှုစောင့်ရှောက်၍ ဆရာ့ဝတ်ငါးပါးကိုကျေပွန်အောင် ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟာစနစ်တည်ငြိမ်ရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေးအတွက် အရေးပါသော သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် စိုက်ခင်းလုပ်ငန်းစဉ်များ အချိန်မီပြီးစီးအောင် လုံ့လစိုက်ကြိုးစားမှသာ အောင်မြင်သောစိုက်ခင်းများဖြစ်ထွန်းလာမှာဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တွင် စက်သုံးဆီအရောင်းဆိုင်(၂)ဆိုင် ဖွင့်လှစ်ရောင်းချ



**မန္တလေး ဇန်နဝါရီ ၄**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ မန္တလေးမြို့တွင် စက်သုံးဆီအရောင်းဆိုင် (၂)ဆိုင်ကို ယနေ့မှစ၍ စတင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စက်သုံးဆီအရောင်းဆိုင်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးကျော်ဆန်း၊ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆိုင်ဖွင့်ပွဲအထိမ်းအမှတ် မိဘပြည်သူအချို့အား စက်သုံးဆီအခမဲ့ထည့်ပေးနေမှုနှင့် စက်သုံးဆီရောင်းချနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)မှ ချက်လုပ်ထွက်ရှိသော ပြည်တွင်းထုတ်ဓာတ်ဆီ (68 RON)များအား အများပြည်သူအသုံးပြုနိုင်ရေးအတွက် ရောင်းချပေးမည့်ဆိုင်သစ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၎င်းဆိုင်များမှာ ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်နှင့် ကမ်းနားလမ်း အောက်လမ်းတို့တွင် တည်ရှိပါသည်။

ပြည်တွင်းထုတ်ဓာတ်ဆီအား (၁)လီတာလျှင် ငွေကျပ် ၂၂၀၀နှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး 92 RON ထက် ဈေးနှုန်းသက်သာမည်ဖြစ်သောကြောင့် ဓာတ်ဆီအသုံးပြုသော ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များအတွက် ဆီစားသက်သာစေပြီး ပိုမိုအသုံးခံသောကြောင့် ကုန်ကျစရိတ် ပိုမိုသက်သာမည်ဖြစ်ပါသည်။

ပြည်တွင်းထုတ် စက်သုံးဆီအရောင်းဆိုင်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် (၁)ဆိုင်နှင့် မန္တလေးမြို့တွင် (၂)ဆိုင်အား နံနက် ၆နာရီမှ ညနေ ၆နာရီထိ နေ့စဉ်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းတွင် (၁)ဆိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်တွင် (၁)ဆိုင်ဖွင့်လှစ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဓနုံကျေးရွာအုပ်စု၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် (၉)နာရီခွဲက ဓနုံကျေးရွာအုပ်စု၊ ရွာအဝင်လမ်းဖွင့်ပွဲမုခ်ဦးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးကျော်တေဇနှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်း ဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဓနုံကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဓနုံကျေးရွာအုပ်စုရွာဝင်လမ်း(ဓနုံ-မြစ်လောင်း) ကွန်ကရစ်လမ်းသစ်အား ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးကျော်တေဇ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မြတ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါကွန်ကရစ်လမ်းသစ်သည် အလျား(၂၈၇၁)ပေ၊ အနံ(၁၂)ပေ၊ ထု(၆)လက်မအမြင့်ရှိသည့် ဓနုံကျေးရွာအုပ်စုရွာဝင်လမ်း(ဓနုံ-မြစ်လောင်း) လမ်းကို အောက်တိုဘာ ၁ ရက်နေ့မှစတင်၍ လမ်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်နေ့တွင် လုပ်ငန်းပြီးစီးခဲ့ပြီးခန့်မှန်းကုန်ကျငွေ ၉၁၅ သိန်းကျပ် အကုန်အကျခံဖောက်လုပ်ဆောင်ရွက်ခဲ့ကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြတ်ခိုင်က ပြောကြားကြောင်းသိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»»» ရှေ့ဖုံးမှ

ကိုယ်ပိုင်ဓလေ့ထုံးတမ်း အစဉ်အလာများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ပြည်ထောင်စုကြီး၏ အရိပ်အာဝါသအောက်၌ စည်းလုံးညီညွတ်စွာ အတူတကွ စုပေါင်းနေထိုင်ခဲ့ကြကြောင်း၊ သမိုင်းတစ်လျှောက် ကုန်းဘောင်ခေတ်အထိ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာနှင့် ထည်ထည်ဝါဝါရပ်တည်နေထိုင်ခဲ့ကြကြောင်း။

သို့သော် ကိုလိုနီစနစ်ဆိုးကြောင့် သယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များတွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲမှုနှင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရကြောင်း။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တန်ဖိုးထားမြတ်နိုးကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးက မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ရဲစွမ်းသတ္တိ၊ မျိုးချစ်စိတ်ဓာတ် အပြည့်ဖြင့် တပ်မတော်နှင့်အတူ လက်တွဲပြီး နယ်ချဲ့ကိုလိုနီများကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တွန်းလှန်ခဲ့ကြကြောင်း၊ စုစည်းညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ပြန်လည်ရပ်တည်နိုင်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး သက်တမ်းသည် (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း ကိုလိုနီနယ်ချဲ့တို့၏အမွေဆိုးနှင့် ပြည်တွင်းပြည်ပ ပယောဂများကြောင့် ပဋိပက္ခများနှင့်အတူ မိမိတို့နိုင်ငံသည် ယနေ့ကာလအထိ တည်ငြိမ်အေးချမ်းမှု အားနည်းနေဆဲ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့၏ဘိုးဘေးအစဉ်အဆက်အသက်သွေးချွေး ရင်းနှီးပေးဆပ်ပြီး လက်ဆင့်ကမ်းခဲ့သည့် လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်သည် မိမိတို့အားလုံးအတွက် သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လွတ်လပ်ရေး အစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရုံ သာမကဘဲ လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏ မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးကို လည်း အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝဏ္ဏလှိုင်အတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဗိုလ်မှူးကြီး ကျော်ဇေယျက(ကိုယ်စား) လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးမျိုးကိုကိုထွန်းအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဒုတိယဗိုလ်မှူးကြီး အောင်ဇော်ဝင်းက(ကိုယ်စား) လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးအောင်ဆန်းဦးအတွက် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ရာ ဇနီး ဒေါ်ဝင့်သီရိဖြိုးက လက်ခံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

»»» စာမျက်နှာ ၃ မှ

တိုးတက်မြင့်မားရေးကို ရှေးရှုပြီး **"လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်"** ဆိုသည့်အချက် အပါအဝင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ထားကြောင်း၊ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး"** အပါအဝင် ဦးတည်ချက် (၉)ရပ်ကိုလည်း နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်ကစပြီးတစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး ဆိုသည့် အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ချီးမြှင့်အပ်နှင်း**

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံး၏ အင်အားသည် အဓိကကျပြီး အားလုံး ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာ ဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို နိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို

**☆ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး တတ်စွမ်းသမျှ အသိပညာ၊ အတတ်ပညာများနှင့် ထူးကဲစွာဆောင်ရွက်သူ၊ ကိုယ်ကျိုးမဖက် နိုင်ငံ့အတွက် စွန့်လွှတ်စွန့်စား အကျိုးဆောင်သူများကို နိုင်ငံတော်၏ လွတ်လပ်ရေးနေ့နှင့် အခြားနေ့ထူးနေ့မြတ် အခါသမယများတွင် ထိုက်တန်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလျက်ရှိ**

တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေး မူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သည့် ပုဂ္ဂိုလ်များအပေါ်တွင် လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်ချီးမြှင့်အပ်နှင်းရေး ဆိုင်ရာလုပ်ငန်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့် ထောက်ခံတင်ပြချက်များအပေါ်တွင် စနစ်တကျ စိစစ်ရွေးချယ်ပြီး အမှန်တကယ် ဂုဏ်ပြုချီးမြှင့် ထိုက်သူများကိုသာ ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်သဖြင့် ဘွဲ့ခံပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့များတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ နှစ်ဦး၊ သူရဘွဲ့ ကိုးဦး၊ သီရိပျံချီဘွဲ့ ငါးဦး၊ ဇေယျကျော်ထင်ဘွဲ့ သုံးဦး၊ဝဏ္ဏကျော်ထင်ဘွဲ့ ၉၆ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ငါးဦး၊ သိပ္ပကျော်စွာဘွဲ့ နှစ်ဦး စုစုပေါင်း ၁၂၂ ဦးကို သက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အခါသမယများတွင် မင်္ဂလာတရားတော်နှင့်အညီ ဂုဏ်ပြုချီးမြှင့်ထိုက်သူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက

စာမျက်နှာ ၅ သို့ »»»

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

»»» စာမျက်နှာ ၄ မှ

ကျင့်သုံးခဲ့ကြသည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် အပြင် နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်ခဲ့သူများကို နိုင်ငံတော်က ကျေးဇူးတုံ့ပြန်ခြင်းဖြစ်သဖြင့် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံညီညွတ်ကြောင်းလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်၊ အမျိုးသားရေးရည်မှန်းချက် (၂)ရပ် စသည့် လုပ်ငန်းစဉ်များသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလွန်ကျယ်ပြန့်နက်ရှိုင်းကြောင်း၊ ဥပမာအားဖြင့် တိုင်းပြည်သာယာဝပြောရေး လုပ်ငန်းစဉ်များထဲတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများကိုယ်စိတ်နှလုံးအေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေး စသည့်အချက်များစွာ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဦးတည်ချက်၊ လုပ်ငန်းစဉ်နှင့် ရည်မှန်းချက်တိုင်းတွင် ကဏ္ဍအလိုက် အသေးစိတ်ဖော်ဆောင်ရမည့် လုပ်ငန်းတာဝန်များ များစွာရှိနေကြောင်း။

ထို့ကြောင့် အဆိုပါလုပ်ငန်းစဉ်အားလုံး အချိန်တိုအတွင်းတွင် ထိရောက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့် အတူ တက်တက်ကြွကြွ ပူးပေါင်း ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အတွက် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့ကြသူများ၊ စွန့်လွှတ်စွန့်စားမှု၊ အနစ်နာခံမှုတို့ဖြင့် တာဝန်ကျေခဲ့ကြသူများကို နိုင်ငံတော်အစိုးရအနေဖြင့် ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ပေးရခြင်းကို ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ဆက်လက်၍လည်း ဂုဏ်ပြုသင့်သူများကို မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့ ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် စည်သူဘွဲ့ရရှိသူ တစ်ဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ရှစ်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ သုံးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၇၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ သုံးဦးနှင့်သိပ္ပကျော်စွာဘွဲ့ရရှိသူ နှစ်ဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်း ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်အေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့် တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သမိုင်းပေးတာဝန်များကို ထမ်းဆောင်ရာတွင် "ရဲသော်မသေ သေသော်ငရဲမလား" ဟူသည့် စိတ်ဓာတ်ခံယူချက်တို့ဖြင့် မိမိတို့၏ အသက်ခန္ဓာကို စွန့်လွှတ်ပြီး တိုင်းပြည်နှင့် လူမျိုးအကျိုး သယ်ပိုးခဲ့ကြသည့် နိုင်ငံသားကောင်းများကို လွတ်လပ်ရေးနေ့အခါသမယရောက် တိုင်း နိုင်ငံတော်အနေဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း။

လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင် တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲ စိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရကြောင်း၊ နိုင်ငံရေးအရ၊ စစ်ရေးအရ ဖန်တီးလာသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကြားတွင် မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသမျှ တာဝန်များကို မညည်းမညူကျေပွန်အောင် စာမျက်နှာ ၇ သို့

❖ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့် မွေးရာပါသမိုင်းပေးတာဝန်ပင်ဖြစ်

❖ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နယ်ချဲ့ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ကိုလိုနီစနစ်၏ နောက်ဆက်တွဲ စိန်ခေါ်မှုမျိုးစုံကို ကြံ့ကြံ့ခံကာကွယ်ခဲ့ရ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး သန့်ဇင်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူး ဇော်ဇော်အောင်အား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။

❂ စာမျက်နှာ ၆ မှ

ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲ ဂိုဏ်းဂဏစွဲကြောင့်ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေး တာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုး သယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီး ဖြစ်ကြောင်း။

**ဂုဏ်ယူဖွယ်တွေ့မြင်ကြရ**

တိုင်းပြည်ကာကွယ်ရေးအတွက် စစ်မြေပြင်တွင် ရှေ့တန်းကျကျ တိုက်ပွဲဝင်နေကြရသည့်တပ်မတော်သားများကဲ့သို့ပင် တပ်မတော်သားများ၏ ပါရမီဖြည့်ဖက် ရဲမေများနှင့် မိသားစုဝင်များသည်လည်း နိုင်ငံတော်ကာကွယ်ရေးအတွက် အရေးကြီးသည့် အရန်အင်အားများပင် ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်ပီပီ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးအတွက် အသက်ကို ပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ် တွေ့မြင်ကြရကြောင်း။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်ကြောင်း၊ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍစုံကိုလည်း ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာ လူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေး လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်ကြောင်း၊ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်း မရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှု မရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်ကြောင်း။

ယခု အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိသူ ၃၄ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ကျန်စွမ်းရည်သတ္တိဆိုင်ရာတံဆိပ်နှင့် လက်မှတ်ရသူများကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ အများတကာလုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့်တာဝန်များကို ရင်ဆိုင်ကြုံတွေ့လာချိန်တွင် စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် စွမ်းဆောင်ခဲ့သူများပင်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် မည်သည့်အခက်အခဲကိုမျှ အမှုမထားဘဲ အသက်ခန္ဓာကို စွန့်လွှတ်နိုင်သည်အထိ ကြံခိုင်သည့် စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ စစ်သားကောင်း တစ်ယောက်တွင်ရှိအပ်သည့် ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုများအတွက် အထူးပင်ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့ တပ်မတော်စွမ်းရည်သတ္တိနှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ၊ လက်မှတ်များ အပ်နှင်းခြင်း ခံကြရသူများသည် နိုင်ငံတော် ကာကွယ်ရေးတာဝန်နှင့် အခြားနိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် အမိနိုင်ငံတော်နှင့် ပြည်သူတို့အတွက် လေးနက် မွန်မြတ်သည့်ခံယူချက်ဖြင့် ကျရာတာဝန်များကို ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြောင်း၊ ထိုကဲ့သို့ မှတ်တမ်းကောင်း ရေးထိုးခဲ့ကြသူများဖြစ်၍လည်း ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အစဉ်အသိအမှတ်ပြု လေးစားဂုဏ်ယူနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲ ယုံကြည်ချက် ခံယူချက်ကောင်းများဖြင့် လွတ်လပ်ရေးအမွေကို နောင်မျိုးဆက်သစ်များဆီ လက်ဆင့်ကမ်းပေးနိုင်သည့် နိုင်ငံ့သားကောင်း ဇာနည်များဖြစ်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးချုပ် လေးဦး၊ ဗိုလ်မှူးကြီး နှစ်ဦး၊ ဒုတိယဗိုလ်မှူးကြီး ရှစ်ဦး၊ ဗိုလ်မှူး ကိုးဦး၊ ဗိုလ်ကြီး လေးဦး၊ အရာခံဗိုလ် တစ်ဦး၊ တပ်ကြပ်ကြီး တစ်ဦး၊ တပ်ကြပ် သုံးဦး၊ ဒုတိယတပ်ကြပ် နှစ်ဦးတို့အား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူးဇာနည်ထွန်းအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်း ခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်ရရှိကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့် အတူညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း စာမျက်နှာ ၉ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## ကြည့်ရှုအားပေး

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများ ပဒေသာကပွဲကို ကြည့်ရှုအားပေးကြစဉ်။

❖ စာမျက်နှာ ၈ မှ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဂုဏ်ပြုဆောင်ခန်းမ၌ ပြုလုပ်သည့် ပဒေသာကပွဲကို ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

အဆိုပါ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေး ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ကျင်းပ

**ဥတ္တရသီရိ ဇန်နဝါရီ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးမှ ကြီးမှူးကျင်းပသော မြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ဥတ္တရခရိုင်၊ ပညာရေးမှူး ဒေါက်တာမာမာဇင်၊ ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ပြည့်ဖြိုးမင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်း၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် တို့နွဲ့ပျော် သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဥတ္တရခရိုင် ပညာရေးမှူး ဒေါက်တာ မာမာဇင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ပြည့်ဖြိုးမင်း၊ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်များတွင် အားကစားထူးချွန်ဆုရရှိသူများ၊ အထိမ်းအမှတ်နေ့ပြိုင်ပွဲများ၊ကျောင်းသားအားကစားပြိုင်ပွဲများနှင့် အတန်းအလိုက် ဘာသာရပ်ထူးချွန်ဆုရရှိသူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့သည်။

ထို့နောက် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပြည်ထောင်စုရဲ့ ထာဝရအလှ သီချင်း၊ ချင်းတို့ဌာနေ သီချင်း၊ မြန်မာ့ကျောင်း သီချင်းတို့ဖြင့် အခမ်းအနား တက်ရောက်လာကြသူများအား သီဆိုကပြ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀



☆ စာမျက်နှာ ၂၄ မှ

နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး၊ (၄) ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး၊ (၅) "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး ဟူသည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း ဖတ်ကြားစဉ်။

**နိုင်ငံတော်အလံကိုလွှင့်တင်**

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကိုလွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များ၊ အခွန်အယူခံခုံရုံးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ မိဘပြည်သူများသည် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။



တိုင်းရင်းသား တိုင်းရင်းသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို အလေးပြုကြစဉ်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ယင်းနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားကြီး ဓမ္မာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင်မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်(၂)လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ (၄)လအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ (၆လ)မှာ (တတိယအကြိမ်) ထိုးနှံရပြီး အသက်(၉)လမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ)အကြိမ်နှင့် အသက်(၁)နှစ်ခွဲမှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ) ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးမှ ပညာရေးဆိုင်ရာများအား ဆွေးနွေးပြောကြားပြီးနောက် အခြေခံပညာကျောင်းများအလိုက် တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် မြို့နယ်အဆင့်တို့တွင် ကာယ၊ ဉာဏ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူလေးများက အကအလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀

၀-၀-၀

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

(ယမန်နေ့မှအဆက်)

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာရီရီရွှေ | ပါမောက္ခ | ပညာရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာဝင်းမာထွန်း | မျက်စိအထူးကုဆရာဝန်ကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ဦးစိုးနိုင် | ဦးစီးအရာရှိ (မြေဆီလွှာ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၄။ | မ ၁၃၉၉၈ | လက်ထောက်မီးသတ်ဦးစီးမှူး ဦးဘိုမြင့် | မီးသတ်ဦးစီးဌာန |
| ၅။ | ၈၈၀၀၂၉ | တပ်ကြပ် ငွေစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဦးနေဝင်းထွန်း | ဥက္ကဋ္ဌ၊ ပတ္တမြားနဂါးကုမ္ပဏီ | ရှမ်းပြည်နယ် |
| ၇။ | ဦးဇော်လွင် | သွေးအလှူရှင် | ပဲခူးတိုင်းဒေသကြီး |
| ၈။ | ဦးချစ်ကို | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၉။ | ဦးမြင့်စိုး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၀။ | ဦးလှမြင့် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၁။ | ဦးသန်းထွဋ် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၂။ | ဦးမြအောင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃။ | ဒေါ်လီလီထွန်း | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |

**လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ၈၁၂၂၅၇ | အရာခံဗိုလ် ဖေကီးလော | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ၇၂၇၃၃၂ | တပ်ကြပ်ကြီး တင်မင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဦးအောင်မျိုးမင်း | သုတေသနမှူး/ ဌာနခွဲမှူး (ငြိမ်း) | ကျန်းမာရေးဝန်ကြီးဌာန |
| ၄။ | ဦးအုန်းမြင့် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးဝင်းနိုင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |

**လူမှုထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာသီတာအောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျန်းမာရေးဝန်ကြီးဌာန |
| ၂။ | ဒေါက်တာရန်နောင်ထွန်း | ညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၃။ | ဦးမြင့်ကျော် | ဒုတိယညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄။ | ဒေါက်တာမင်းတင်မောင်ရှိန် | ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၅။ | ဒေါက်တာသက်စုမွန် | ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆။ | ဒေါက်တာနွယ်နွယ်ဦး | ဒုတိယညွှန်ကြားရေးမှူး | ကျန်းမာရေးဝန်ကြီးဌာန |
| ၇။ | ဦးကောင်းမြတ်နောင် | လက်ထောက်ညွှန်ကြားရေးမှူး | မီးသတ်ဦးစီးဌာန |
| ၈။ | ဒေါ်ခိုင်ခိုင်မာ | လက်ထောက်ညွှန်ကြားရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၉။ | ဦးပြည့်ဖြိုးဦး | ဦးစီးအရာရှိ | မီးသတ်ဦးစီးဌာန |
| ၁၀။ | ဒေါ်နှင်းနန္ဒာလင်းလင်းစော | ဒုတိယမြို့နယ်ပညာရေးမှူး | ပညာရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်နှင်းလဲ့စိမ်း | အထက်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၂။ | ဦးစနေမင်း | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်ခင်ဝေဝေ | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၄။ | ဦးမင်းထိုက်စံ | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၅။ | ဒေါ်ဇင်မီမီကျော် | အလယ်တန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၁၆။ | ဒေါ်စန်းစန်းရင် | သူနာပြုအုပ်/ ဦးစီးအရာရှိ | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၇။ | ၈၄၈၉၈၈ | အရာခံဗိုလ်/ စာရေး မြင့်လွင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ၉၁၀၃၁၄ | အရာခံဗိုလ်/ စာရေး ကျော်ကျော်ထွေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | တ-၃၈၉၃၄ | အရာခံဗိုလ် အေးလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | တ-၁၀၂၂၁၉ | ဒုတိယအရာခံဗိုလ်/စာရေး ကျော်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | မ ၂၂၁၈၉ | ဒုတိယမီးသတ်ဦးစီးမှူး ဦးဝေလင်းထက် | မီးသတ်ဦးစီးဌာန |
| ၂၂။ | မ ၂၉၄၁၀ | ဒုတိယမီးသတ်ဦးစီးမှူး ဦးလင်းဇော်ဦး | မီးသတ်ဦးစီးဌာန |
| ၂၃။ | မ ၃၅၄၁၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်ရဲလင်း | မီးသတ်ဦးစီးဌာန |
| ၂၄။ | ဦးစောသိန်းဟန် | ဒုတိယဦးစီးမှူး | နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂၅။ | ဦးစောထူးဖောထူး | ဒုတိယဦးစီးမှူး | နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၂၆။ | ဒေါ်နီလာဝင်း | ဌာနခွဲစာရေး | သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| ၂၇။ | ဒေါ်သဲသဲဝါ | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၈။ | ဦးဝင်းမောင် | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၂၉။ | ဒေါ်ပန်းကေသီဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၀။ | ဦးပြည်စိုးကျော် | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၁။ | ဒေါ်နီလာဝင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်ယမင်းထွန်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်စိုးစန္ဒီဝင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၄။ | ဦးစောဝင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၅။ | ဦးဟိန်းကိုဝင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၆။ | ဦးဝင်းထိုက် | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၇။ | ဦးမန်းဉာဏ်နှင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၈။ | ဦးစောမင်းသန်းရွှေ | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၃၉။ | ဒေါ်နန်းနေယုမွန် | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်နန်းသက်ငုံပွင့်ဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်ခိုင်ခိုင်ဝင်း | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၂။ | ဦးစောခီးမာလကီး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်ဝေဝေလွင် | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်တိုးတိုးအောင် | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၅။ | ဒေါ်ဆာခူဖော | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်လားစေးဝါး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်နှင်းပွင့်စိုး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်နန်းတင်နွယ်ဦး | အထက်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၄၉။ | ဒေါ်စိန်စိန်ဦး | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၅၀။ | ဦးကျော်လှ | အလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၅၁။ | ဦးနိုင်ဝင်းထက် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၂။ | ဒေါ်နုနုထွေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၃။ | ဦးထူးဝေကျော် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၄။ | ဒေါ်ခင်ထူးသန့် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၅။ | ဒေါ်အယ်ဖော | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၆။ | ဦးစောမောင်မောင်လေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၇။ | ဦးသန်းဌေး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၈။ | ဦးညီညီလွင် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၅၉။ | ဒေါ်ဆုဝေထူး | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆၀။ | ဒေါ်သက်သက်အောင် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆၁။ | ဒေါ်အယ်ဟီ | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆၂။ | ဒေါ်ခရစ္စတိုဘဲလ် | မူလတန်းကျောင်းအုပ် | ပညာရေးဝန်ကြီးဌာန |
| ၆၃။ | ဒေါ်မားဂရက် | မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၆၄။ | ဒေါ်ရီရီမင်း | ဒုတိယဦးစီးမှူး | ပညာရေးဝန်ကြီးဌာန |
| ၆၅။ | ဒေါ်အေးသက်ဝင်း | သူနာပြုဆရာမကြီး | ကျန်းမာရေးဝန်ကြီးဌာန |
| ၆၆။ | ဦးကျော်ညီညီလတ် | အကြီးတန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၆၇။ | ဦးနေဦး | ထုတ်လုပ်ရေးကျွမ်းကျင်(၃) | စက်မှုဝန်ကြီးဌာန |
| ၆၈။ | ဦးဝဒမ်းခေါင်ဖုန်ရှင်း | ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၆၉။ | ဦးသန်းထိုက်စိုး | ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၇၀။ | ဒေါ်ခင်မို့မို့လွင် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၁။ | ဒေါ်ဖြူသီမာ | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်ဝင်းပပသိမ့် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၃။ | ဦးသိန်းဦး | ဒုတိယအလယ်တန်းပြ(ကာယ) | ပညာရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါ်ခင်မာဝင်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါ်စေးလ်ထာ | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါ်နိုင်နိုင်အေး | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၇။ | ဦးစောလှကြည် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၈။ | ဦးစောခိုင်ထူးနောင် | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၇၉။ | ဒေါ်ဝတ်ရည်ထွန်း | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၀။ | ဦးလောလာယွီး | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၁။ | ဒေါ်ရှာရီးဖော | ဒုတိယအလယ်တန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၂။ | ဒေါ်ဝဏ္ဏမိုး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၃။ | ဒေါ်ခင်ပုံ့ပုံ့ထွေး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၄။ | ဒေါ်မော်မော်ဦး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၅။ | ဒေါ်နီမ်ဂဲလ်ကျိန် | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၆။ | ဦးအောင်ကိုကိုဆွေ | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၇။ | ဒေါ်ခင်စန္ဒာထွန်း | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၈။ | ဒေါ်ဝေဝေလွင် | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၈၉။ | ဒေါ်မြအေး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၀။ | ဒေါ်အေးအေးခိုင် | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၁။ | ဒေါ်ယွှာဟောနေထူး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၂။ | ဦးအယ်ကလို | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၃။ | ဒေါ်အယ်ကလိုသာဖော | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၄။ | ဒေါ်မြတ်ထူး | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၅။ | ဒေါ်ပါဆူသာ | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၆။ | ဒေါ်နော်ဆဲထို | ဒုတိယမူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၉၇။ | ဦးထွန်းထွန်းနိုင် | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၈။ | ဦးဝင်းကိုထွေး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉၉။ | ဦးဆန်းထူးဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၀။ | ဦးအောင်ဇော်ဝင်း | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၁။ | ဦးထွန်းထွန်းဦး | အငယ်တန်းစာရေး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၁၀၂။ | မ ၂၂၅၃၅ | မီးသတ်တပ်ကြပ်ကြီး ဝင်းလှိုင်ဌေး | မီးသတ်ဦးစီးဌာန |
| ၁၀၃။ | ဦးမျိုးနိုင်ဝင်း | မြေတိုင်း-၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀၄။ | ဦးဇော်မင်းမောင် | လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

စာမျက်နှာ ၁၂ သို့ »»

»»» စာမျက်နှာ ၁၁ မှ

| | | |
|---|---|---|
| ၁၀၅။ ဦးစံထွန်းဝင်း | လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၀၆။ ဒေါ်နှင်းအိဝေ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၀၇။ ဦးတင်သူအောင် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၀၈။ ဒေါ်သိမ့်သိမ့်ဝင်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၀၉။ ဒေါ်မေသူထွန်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၀။ ဒေါ်အိဝေဝေစိုး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၁။ ဒေါ်မီမီဇင်ကျော် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၂။ ဒေါ်သရဖီ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၃။ ဒေါ်ဇင်မာဝင်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၄။ ဒေါ်မြပွင့်မုံချစ် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၅။ ဒေါ်နန်းဝင်းပုလဲသွယ် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၆။ ဒေါ်အိအိဖူး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၇။ ဒေါ်နှင်းထက်ထက်အေး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၈။ ဒေါ်နော်နှင်းဆီဖော့ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၁၉။ ဒေါ်မာဂရက် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၀။ ဒေါ်နန်းမိုးမိုးဦး | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၁။ ဒေါ်ပြုံးပြုံးရီ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၂။ ဒေါ်သီသီအောင် | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၃။ ဦးစောတာဂေဂေ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၄။ ဒေါ်မူလဆာ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၅။ ဒေါ်သဇင်ဝေ | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၆။ ဒေါ်မိမိုးသီတာထွန်း | လက်ထောက်မူလတန်းပြ | ပညာရေးဝန်ကြီးဌာန |
| ၁၂၇။ ဦးထွန်းလင်းကျော် | အထွေထွေလုပ်သား | ကျန်းမာရေးဝန်ကြီးဌာန |
| ၁၂၈။ ဒေါ်နော်မိုးမိုးဝင်း | ရုံးအကူ | ပညာရေးဝန်ကြီးဌာန |
| ၁၂၉။ အရှင်ဇဝန(ခ) ဦးဆန်းထွန်း | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၀။ ဆရာတော် ဘဒ္ဒန္တသုမန | သွေးအလှူရှင် | ရှမ်းပြည်နယ် |
| ၁၃၁။ ဦးဇော်ဝင်း | သွေးအလှူရှင် | မန္တလေးတိုင်းဒေသကြီး |
| ၁၃၂။ ဦးစိုင်းကျော်ကျော် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၃။ ဦးထွန်းထွန်းအောင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၄။ ဦးကျော်မိုးလှိုင် | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၅။ ဦးကျော်သူ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၆။ ဒေါ်ခင်မာဝေ | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |
| ၁၃၇။ ဦးသန်းအောင်မိုး | သွေးအလှူရှင် | ရန်ကုန်တိုင်းဒေသကြီး |

### စီးပွားထူးချွန်တံဆိပ်များ

#### လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဒေါ်အေးမီမီစိုး | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၂။ ဦးလွှမ်းမိုးဇော် | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၃။ ဦးညွန့်ဝင်း | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၄။ ဒေါက်တာလှိုင်မင်းဦး | ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၅။ ဒေါက်တာမျိုးကျော်သူ | ဒုတိယညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၆။ ဒေါက်တာနီနီတင့် | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၇။ ဒေါက်တာမာမာဝင်း | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၈။ ဒေါက်တာဥမ္မာခင် | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၉။ ဒေါက်တာဝင်းဝင်းနွယ် | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၀။ ဒေါက်တာခင်ငြိမ်းချမ်း | သုတေသနမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၁။ ဒေါ်စန်းစန်းမြိုင် | လက်ထောက်ညွှန်ကြားရေးမှူး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၂။ ဒေါက်တာစန္ဒာမိုး | သုတေသနအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၃။ ဦးဝင်းကျော် | လက်ထောက်သုတေသနအရာရှိ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |

#### စက်မှုစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဦးရဲလင်း | လက်ထောက်စက်ရုံမှူး | စက်မှုဝန်ကြီးဌာန |
| ၂။ ဦးတင်မောင်လင်း | ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး | စွမ်းအင်ဝန်ကြီးဌာန |
| ၃။ ဦးနန်းအောင် | အလုပ်ရုံမှူး(စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၄။ ဦးကျော်ဇေဝင်း | အလုပ်ရုံခွဲမှူး(စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၅။ ဦးသော်နီဇော် | အလုပ်ရုံခွဲမှူး | စက်မှုဝန်ကြီးဌာန |
| ၆။ ဦးရန်အောင် | အလုပ်ရုံစုမှူး | စက်မှုဝန်ကြီးဌာန |
| ၇။ ဦးအောင်သက်ဦး | အလုပ်ရုံစုမှူး | စက်မှုဝန်ကြီးဌာန |
| ၈။ ဒေါ်မို့မို့အောင် | အလုပ်ရုံစုမှူး | စက်မှုဝန်ကြီးဌာန |

#### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁။ ဦးငွေးလွင် | အင်ဂျင်နီယာမှူး(ပိုက်လိုင်း) | စွမ်းအင်ဝန်ကြီးဌာန |

#### ဝန်ဆောင်စီးပွားထူးချွန်တံဆိပ် (တတိယဆင့်)

| | | |
|---|---|---|
| ၁။ ဦးမျိုးခိုင်ဦး | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂။ ဦးလေးနိုင် | ညွှန်ကြားရေးမှူး | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| ၃။ ဦးမျိုးသန့် | အင်ဂျင်နီယာမှူး(သယ်ပို့/စက်ပြင်) | စွမ်းအင်ဝန်ကြီးဌာန |
| ၄။ ဦးသိန်းငွေး | အလုပ်ရုံမှူး (စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၅။ ဦးအောင်မြင့်ထွန်း | အလုပ်ရုံမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၆။ ဦးလှဦး | အလုပ်ရုံမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၇။ ဦးအေးလွင် | အလုပ်ရုံမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၈။ ဦးဖေသန်းလွင် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၉။ ဦးဟိန်းလင်းစံ | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၀။ ဦးတင်ငွေးအောင် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၁။ ဦးအောင်ဗိုလ် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၂။ ဒေါ်သန်းသန်းနွယ် | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၃။ ဦးကျော်သူ | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၄။ ဦးသက်မောင်ဦး | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၅။ ဦးအေးကိုဇံ | ဦးစီးအရာရှိ (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၁၆။ ဦးမြင့်ထွန်းအောင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၁၇။ ဦးတင်မောင်ရွှေ | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၁၈။ ဦးထူးအိမ်လွင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၁၉။ ဦးသူရမောင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၂၀။ ဦးစိုးမိုးအောင် | လက်ထောက်အင်ဂျင်နီယာ | စွမ်းအင်ဝန်ကြီးဌာန |
| ၂၁။ ဦးထက်ကောင်း | လက်ထောက်မန်နေဂျာ | စွမ်းအင်ဝန်ကြီးဌာန |
| ၂၂။ ဦးနိုင်မျိုးလွင် | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၃။ ဦးတင်ထွေး | အလုပ်ရုံခွဲမှူး (ကုန်ထုတ်) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၄။ ဦးအေးမင်းနိုင် | အလုပ်ရုံခွဲမှူး (စီမံရေး) | စွမ်းအင်ဝန်ကြီးဌာန |
| ၂၅။ ဦးဇော်မင်းဦး | လျှပ်စစ်ကျွမ်းကျင်(၁) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၆။ ဦးရဲဇော်ထွန်း | လျှပ်စစ်ကျွမ်းကျင်(၁) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၇။ ဦးအောင်မြင့်စိုး | လျှပ်စစ်ကျွမ်းကျင်(၁) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၈။ ဒေါ်နှင်းဟေမာန် | ဒုတိယဦးစီးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၂၉။ ဦးဖွဲ့မာန်ရှိန် | ဒုတိယဦးစီးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၀။ ဦးကျော်ဝင်းစိုး | ဒုတိယဦးစီးမှူး (စက်/လျှပ်) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၁။ ဦးကျော်စွာ | လျှပ်စစ်ကျွမ်းကျင်(၂) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၂။ ဦးလုမ်ထွန်းလင်း | လျှပ်စစ်ကျွမ်းကျင်(၂) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၃။ ဦးမင်းဟန်ကို | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၄။ ဦးထင်လင်းဇော် | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၅။ ဦးစိုင်းသန်းရွှေ | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၆။ ဦးသန်းနိုင် | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၇။ ဒေါ်ခင်ခင်မြင့် | အကြီးတန်းစာရေး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၈။ ဒေါ်သန်းသန်းကြွယ် | စာရင်းကိုင်(၃) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၃၉။ ဦးတိုးနိုင် | ရေယာဉ်အုပ်(၄) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၄၀။ ဦးဖိုးဇော် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၁။ ဦးဇော်လင်းထွန်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၂။ ဦးကျော်မင်းထွန်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၃။ ဦးစိုင်းဇော်ရွှေ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၄။ ဦးစိုးမိုးကျော် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၅။ ဦးကျော်မောင်မောင်ကျော် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၆။ ဒေါ်နှင်းဝေလွင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၇။ ဦးဖြေိုးပြည့်စုံ | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၈။ ဦးစိုးမင်းထိုက် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၄၉။ ဦးဇော်လင်းအောင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၀။ ဦးအောင်ကျော်ထူး | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၁။ ဦးငြိမ်းဝင်းထွန်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၂။ ဦးသိန်းသန်းငွေး | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၃။ ဦးဝင်းယုအောင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၄။ ဦးချစ်သက်အောင် | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၅။ ဒေါ်သန္တာငွေး | ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၆။ ဒေါ်ဇင်သီတာထွန်း | ပစ္စည်းထိန်း(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၇။ ဦးကျော်နိုင်စိုး | ပစ္စည်းထိန်း(၄) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၅၈။ ဦးမြင့်စိုး | ရေကြောင်းပြ(ပ) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၅၉။ ဦးပြည့်စုံအောင် | တက်မကိုင်-၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၆၀။ ဦးအောင်မျိုးဇော် | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၁။ ဦးမျိုးကျော် | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |
| ၆၂။ ဦးစိုင်းကိုကို | လျှပ်စစ်ကျွမ်းကျင်(၅) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

စာမျက်နှာ ၁၃သို့ »»»

## အကျဉ်းသား အကျဉ်းသူများ၏ ပြစ်ဒဏ်ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကိုနားလည်စေရန် ရှေးရှုသောအားဖြင့် လည်းကောင်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ လူသတ်မှု၊ မုဒိမ်းမှု၊ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေအရပြစ်မှုများ၊ မတရားအသင်းများအက်ဥပဒေအရပြစ်မှုများ၊ ၁၈၇၈ ခုနှစ် လက်နက်များအက်ဥပဒေ ပုဒ်မ ၁၉(စ) အရပြစ်မှုများ၊ ၁၉၄၉ ခုနှစ် လက်နက်(အရေးပေါ်ပြစ်ဒဏ်စီရင်မှု)(ယာယီ)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၅၁ ခုနှစ် လက်နက်(ယာယီပြင်ဆင်ချက်)အက်ဥပဒေအရပြစ်မှုများ၊ ၁၉၂၄ ခုနှစ် ရှမ်းပြည်နယ်လက်နက်အမိန့်အရပြစ်မှုများ၊ ၂၀၂၃ ခုနှစ် လက်နက်ဥပဒေအရပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရပြစ်မှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရပြစ်မှုများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရပြစ်မှုများမှအပ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီး အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၂ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၅၈၆၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦး ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၃ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူ ၁၄၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၈၀ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄ / ၂၀၂၅
၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/အကျဉ်းသူ ၁၈၀ ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါဆက်လက်ကျခံပါမည်"**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ်လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၆၉၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မန္တလေး ဇန်နဝါရီ ၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးဗဟို အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများမှ အကျဉ်းသား ၅၄၁ ဦး၊ အကျဉ်းသူ ၁၅၄ ဦး စုစုပေါင်း ၆၉၅ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့သည်။



"ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းသာယာစေဖို့ ရည်ရွယ်ချက်နဲ့ အကျဉ်းသား အကျဉ်းသူတွေကို လွှတ်ပေးခဲ့တာဖြစ်ပါတယ်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတွေကို နေ့တွက်စရိတ်ပေးအပ်ပြီး လုပ်အားခရသင့်သူတွေကိုလည်း တွက်ချက်ပြီး ပေးအပ်ခဲ့ပါတယ်။ သက်ဆိုင်ရာ ဒေသအသီးသီးကို ပြန်တဲ့အခါမှာ အဆင်ပြေစေဖို့ ဌာနပိုင်မော်တော်ယာဉ်တွေနဲ့ ကားဂိတ်၊ ရထားဘူတာတွေကို ပို့ဆောင်ပေးပါတယ်။ အခုလိုပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတွေအတွက် ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု မန္တလေးဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က ပြောသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိကြသူများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းဗိုလ်တို့က ဆုံးမသြဝါဒစကားများပြောကြားပြီး အကျဉ်းထောင်တာဝန်ရှိသူများကလည်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

"အခုလိုလွတ်မြောက်ပြီး မိသားစုတွေနဲ့ တွေ့ဆုံခွင့်ရရှိတဲ့အတွက် အင်မတန်ဝမ်းသာမိပါတယ်။ ရှေ့ဆက်ပြီးတော့ ဥပဒေနဲ့အညီ နိုင်ငံတော်နဲ့မိသားစုအတွက် အကျိုးရှိစေမယ့်အလုပ်တွေကို ဆောင်ရွက်သွားဖို့ စဉ်းစားထားပါတယ်။ ကျွန်တော်တို့ကို စေတနာထားပြီး လွှတ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူတစ်ဦးက ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးထောင်နှင့် အလုပ်စခန်း ခုနစ်ခုတို့မှ အကျဉ်းသား ၈၇၇ ဦး၊ အကျဉ်းသူ ၂၆၄ ဦး စုစုပေါင်း ၁၁၄၁ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိကြကြောင်း သိရသည်။

မောင်အေးချမ်း

# ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ အလေးပြုခြင်းအခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား၊ အလေးပြုခြင်း အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာ သီရိအားကစားကွင်း ဥပစာရှေ့တွင် ကျင်းပသည်။

ဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ စစ်တီးဝိုင်းတပ်စု၊ အလံတင် တပ်စုတို့သည် တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံအား အစီအစဉ်များအတိုင်း စင်မြင့်ထက်ရှိ အလံတိုင်ထိပ်သို့ လွှင့်တင် ဆောင်ရွက်ပြီး အလေးပြုကြသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်း အသီးသီးတို့မှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုအသင်းအဖွဲ့အစည်းများ၊ မန္တလေးမြို့အခြေစိုက် တိုင်းရင်းသား လူမျိုးစုများနှင့်ပြည်သူများ စုစုပေါင်း အင်အား ၂၀၀၀ ဦးကျော်တို့သည် နိုင်ငံတော်အလံအလေးပြုခြင်း အခမ်းအနား ကျင်းပသည့် မန္တလာသီရိအားကစားကွင်း ဥပစာရှေ့သတ်မှတ်နေရာ အသီးသီးတို့တွင် နေရာယူကြသည်။

ဆက်လက်၍ နံနက် ၇နာရီတွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားခြင်းတို့ကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက် လာကြသည့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြပြီးနောက် ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့်ရဲဘော်များအား အလေးပြုခြင်းကို အစီအစဉ်များအတိုင်း ဆောင်ရွက်ကြသည်။

၎င်းနောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က ဖတ်ကြားပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် မန္တလာသီရိလေ့ကျင့်ရေးအားကစားကွင်းတွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ်ပြုလုပ်သည့် မြန်မာ့ရိုးရာအားကစားနည်းပြိုင်ပွဲများကျင်းပနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင် အမျိုးအစားအလိုက် ဆုရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့တော်ခန်းမတွင် ကျင်းပသော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ် အပ်နှင်းခြင်း အခမ်းအနားသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာ စကားပြောကြားရာတွင် တိုင်း ဒေသကြီးအတွင်း နိုင်ငံတော် အတွက် စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်သူများကို အသိ အမှတ်ပြု ချီးကျူးဂုဏ်ပြုသည့် အထိမ်းအမှတ်အနေဖြင့် ဂုဏ်ထူး ဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆု ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားဖြစ်ပါကြောင်း၊ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သားစဉ်မြေးဆက်များကိုပါ ယခု ကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ ဖြစ်ကြ ပါစေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက တိုင်းဒေသကြီးအတွင်းမှ ဂုဏ်ထူး ဆောင်ရရှိသူများအား ဂုဏ်ထူး ဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆုများကို ချီးမြှင့်အပ်နှင်းခဲ့ပြီး လန်းဆန်းစာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ ကျရောက်သော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မန္တလေး တိုင်းဒေသကြီးအတွင်း မြို့နယ်၊ ရပ်ကွက်၊ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်နှင့် အခြေခံပညာ ကျောင်းများတွင် အားကစား ပြိုင်ပွဲများ၊ မြန်မာ့ရိုးရာအား ကစားနည်းပြိုင်ပွဲများ၊ ဂုဏ်ပြု အထိမ်းအမှတ်အခမ်းအနားများ ကို ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















# ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညွှေ့ခံပွဲနှင့် ညစာစားပွဲအခမ်းအနား မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌တိုင်းဒေသကြီးအစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် တက်ရောက်လာကြသူများအား မန်းစည်ပင် တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာဦးစီးဌာနနှင့် မန်းစည်ပင်တေးဂီတအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုသီချင်းများဖြင့် သီဆိုကပြ ဂုဏ်ပြုဧည့်ခံတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သီဆိုကပြ ဂုဏ်ပြုဧည့်ခံတင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့များအား ဂုဏ်ပြုငွေများချီးမြှင့်ခဲ့ပြီး တက်ရောက်လာကြသူများကို လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






သတင်း-စာမျက်နှာ ၁၅














သတင်း-စာမျက်နှာ ၁၅
















## သုတေသနစာတမ်းဖတ်ပွဲ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၄**

ဝိဇ္ဇာနှင့်အသုံးချသိပ္ပံဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ဇန်နဝါရီ ၂ ရက်မှ ၄ရက်အထိ ၃ရက်ကြာ ကျင်းပသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်၏(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပညာရေးဘာသာရပ် စာတမ်း(၃၂)စောင်၊ ဝိဇ္ဇာဘာသာရပ် စာတမ်း(၁၂)စောင်၊ သိပ္ပံဘာသာရပ်စာတမ်း(၆၅)စောင်၊ စုစုပေါင်းသုတေသနစာတမ်း ၁၀၉ စောင်ဖတ်ကြားကြသည်။

စာတမ်း(၁၀၉)စောင်ကို စစ်ကိုင်းတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မိုးညှင်းတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ မန္တလေးပညာရေးဒီဂရီကောလိပ်၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်၊ ရတနာပုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ကသာပညာရေးဒီဂရီကောလိပ်၊ ဆရာအတတ်ပညာဦးစီးဌာန၊ Naypyitaw State Academy၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ တောင်ငူပညာရေးဒီဂရီကောလိပ်၊ လားရှိုးပညာရေးဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများက သုံးရက်ကြာ ဖတ်ကြား ကြသည်။

စာတမ်းဖတ်ပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်မြတ်သော်၊ စစ်ကိုင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက "ပညာပန်းတို့ပွင့်လန်းရာမြေ" ကျောင်းသီချင်းဖြင့် ကပြဖျော်ဖြေပေးခဲ့ကြပြီး သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး(Talk Show)ဆွေးနွေးပွဲပြုလုပ်

**ပခုက္ကူ ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ဇန်နဝါရီ ၃ ရက် မွန်းလွဲ ၃ နာရီခွဲက (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး (Talk Show) ဆွေးနွေးပွဲ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက အသိပညာပေး(Talk Show)ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး လွတ်လပ်ရေးနေ့နှင့် စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းရာ မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာမ မြမှူးသခင်က လွတ်လပ်ရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အနှစ်သာရများ၊ လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရှိပိုင်ဆိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ ရရှိပိုင်ဆိုင်ပြီးသော လွတ်လပ်ရေးကို မြန်မာတစ်မျိုးသားလုံးက တန်ဖိုးထားမြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၃၄၀)




| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| စပါး | ၁ | - | ၂ | နယူးကာဆယ် |
| မန်စီးတီး | ၄ | - | ၁ | ဝက်စ်ဟမ်း |
| ပဲလေ့စ် | ၁ | - | ၁ | ချဲလ်ဆီး |
| ဘုန်းမောက် | ၁ | - | ၀ | အဲဗာတန် |
| ဗီလာ | ၂ | - | ၁ | လက်စတာ |
| ဆောက်သမ်တန် | ၀ | - | ၅ | ဘရန့်ဖို့ဒ် |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပင်းနစ်ဇီးယား | ၁ | - | ၁ | အမ်ပိုလီ |

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၆)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဘလက်ဘန်း | ၀ | - | ၁ | ဘန်လေ |
| စတုတ် | ၀ | - | ၀ | ပလိုင်းမောက် |
| ဆွမ်ဆီး | ၁ | - | ၁ | ဝက်စ်ဘရွန်း |

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲမှုများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား လုပ်ကြံပစ်ခတ်သူ အကြမ်းဖက်သမား တရားခံ အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေရန်၊ အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ခေးပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေးအသုပ်ဆိုင်၌ထိုင်နေသည့် အဆိုပါရပ်ကွက်နေ ရာအိမ်မှူးဖြစ်သူ ဦးဇော်မင်းထွန်း (၅၂)နှစ်အား သေနတ်ဖြင့် လုပ်ကြံပစ်ခတ်ခြင်း၊ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်သတ်ဖြတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကိုလည်းကောင်း၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် စမ်းချောင်းမြို့နယ် ကျွန်းတော(အလယ်)ရပ်ကွက် ဖျာပုံလမ်း အိမ်အမှတ်(၃၁) ပန်းလှိုင်မိသားစုဆေးခန်းရှေ့ရှိ Generator မီးစက်အသေး နှစ်လုံးအနီး၌ မိုင်းထောင်ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများ၏ မော်တော်ယာဉ်ခြောက်စီးနှင့် နေအိမ်သုံးမီးစက် နှစ်လုံး၊ စီးပွားရေးလုပ်ငန်းအသုံးပြုသည့် ဆိုင်းဘုတ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ဖော်ပြပါ ပြစ်မှုများကို ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေးအတွက် လုံခြုံရေးပူးပေါင်းအဖွဲ့မှ စုံစမ်းဖော်ထုတ်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပြစ်မှုကျူးလွန်သူ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ) အောင်ဇေယျ (၂၈)နှစ်၊ (ဘ)ဦးစိန်ဝင်း၊ အမှတ်(၁/က)၊ စစ်ကိုင်းလမ်း အမှတ်(၉) ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နေသူအား လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် စစ်ကိုင်းလမ်း၌လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ပူးပေါင်းကျူးလွန်သူများဖြစ်ကြသည့် တင်ဝင်းလှိုင်(ခ)အငယ်လေး (၃၆)နှစ်၊ (ဘ)ဦးသန်းမြင့်၊ အမှတ်(၂၇/ခ) စစ်ကိုင်းလမ်း အမှတ်(၁၀) ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်နေသူအား နေအိမ်၌လည်းကောင်း၊ ယင်းနေ့



(ဝဲမှယာ) တရားခံ မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်း၊ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ) ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေး။

မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် တရားခံ မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်း (၄၀)နှစ်၊ (ဘ) ဦးတင်ထွန်း၊ "ပဒေသာဦး" အဆောင် နတ်မောက်လမ်း အမှတ်(၉)ရပ်ကွက် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်နေသူအား အမှတ်(၉)ရပ်ကွက် ဆင်ဖြူရှင်လမ်းပေါ်ရှိ ၎င်းဖွင့်လှစ်ထားသည့် ကွမ်းယာဆိုင်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျပါ သုံးဦးတို့၏ ထွက်ဆိုချက်များအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ရက် ည ၁၀ နာရီခွဲတွင် မိုင်းထောင်ဖောက်ခွဲရန်စေခိုင်းသူ ရန်နိုင်ထွဋ်(ခ) လူစီဖာ(ခ) ရဲရင့်(ခ) လရောင်(၃၇)နှစ်၊ (ဘ)ဦးခိုင်ဝင်း၊ အမှတ် (၇)ဘုရင့်နောင်လမ်း ဆရာစံ(မြောက်/ရှေ့)ရပ်ကွက်နေသူနှင့် အကြမ်းဖက်သမားများအား နေအိမ်စီစဉ်ပေးခြင်း၊ လက်နက်ခဲယမ်းသိမ်းဆည်းပေးခြင်းနှင့် ငွေကြေးထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးသူ ထွန်းနိုင်စိုး(ခ)ဘီးကျဲ (၄၂)နှစ်၊ (ဘ) ဦးစိုးဝင်း၊ အမှတ်(၁၃၇/က) နန္ဒသူရိန်လမ်း (၁၄)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ်နေသူတို့ နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီး Toyota Terminal M Shopping Mall အနီးတွင် ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်မှုများကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများ သယ်ယူထောက်ပံ့ပို့ဆောင်

သူများဖြစ်ကြသည့် အမှတ်(၁၀၈) ဝိဇ္ဇာ (၃)လမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ)တရုတ်လေး (၂၄)နှစ်၊ (ဘ)ဦးသန့်ဇင်လင်းနှင့် အောင်နိုင်ဝင်း(ခ)ကိုဖြိုး (၂၃)နှစ်၊ (ဘ)ဦးမြင့်ရွှေတို့ နှစ်ဦးအား မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း ပိတောက်(၃)လမ်း (၅) လမ်းနှင့် (၆) လမ်းကြား အမှတ်(၂၁၆) ဂိုဒေါင်တွင် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဇန်နဝါရီ ၄ ရက် နံနက် ၁ နာရီ မိနစ် ၅၀ တွင် ဖေရယ်မိုးနိုင် (ခ)သီရိ(ခ) ဘေဘေ (၂၀)နှစ်၊ (ဘ)ဦးသန့်ဇင်လင်း၊ အမှတ်(၁၀၈) ဝိဇ္ဇာ (၃)လမ်း (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူအား ၎င်း၏ နေအိမ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများဖြစ်ကြသည့် ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ) အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့်(ခ)ခြူးလေး(ခ)ဂျိမ်းတို့ သုံးဦး၏ထွက်ဆိုချက်များအရ ၎င်းတို့သုံးဦးသည် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ)နှင့် ပဲခူးမြို့နေ ကိုထွန်း(ဖမ်းမမိ)တို့ နှစ်ဦးနှင့်အတူ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်နှင့် မသက်(ဖမ်းမမိ)တို့၏ စီစဉ်စေခိုင်းမှုဖြင့် မိုင်းထောင်ဖောက်ခွဲမှု ကျူးလွန်ခဲ့ကြကြောင်း ပေါ်ပေါက်ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် YGN-30 9F-8369 Honda Fit မော်တော်ယာဉ်အား တရားခံ တင်ဝင်းလှိုင်(ခ) အငယ်လေးမှ စတစ်ကာအနက်ရောင်ကပ်ကာ ရုပ်ဖျက်ပြင်ဆင်ပေးခဲ့ကြောင်း၊ ဖောက်ခွဲမည့်နေရာသို့ ကိုထွန်း (ဖမ်းမမိ) က မော်တော်ယာဉ်အား မောင်းနှင်ပို့ဆောင်၍ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး (ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ မင်းစံ(ခ) မျိုးဦး(ဖမ်းမမိ)နှင့် မျိုးမြင့်(ခ)ခြူးလေး(ခ) ဂျိမ်းတို့မှ လက်လုပ်ဗုံးများအား ချထားခဲ့ကာ မသက်(စိစစ်ဆဲ)မှ အဝေးထိန်းစနစ် အသုံးပြု ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ဖောက်ခွဲရာတွင်အသုံးပြုသည့် ဖောက်ခွဲရေးပစ္စည်းများအား ရန်နောင်ထွဋ်(ခ) လူစီဖာ(ခ)ရဲရင့်(ခ) လရောင်၊ ထွန်းနိုင်စိုး (ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ)ကိတ်ကိတ် (ခ)တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုး၊ ဖေရယ်မိုးနိုင်(ခ) သီရိ(ခ) ဘေဘေတို့ ငါးဦးက ကြိုတင်စီစဉ်ချိတ်ဆက်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် YGN-30 9F-8369 Honda Fit အမျိုးအစား ခဲရောင်မော်တော်ယာဉ်အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ဝင်းခန့်ကိုကို (ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျသည် ကိုဗွဲ(ဖမ်းမမိ)၊ မစု(ဖမ်းမမိ)၊ ဆန္ဒ (ဖမ်းမမိ)နှင့် ဒသသ(ဖမ်းမမိ)တို့ လေးဦး



(ဝဲမှယာ) တရားခံ ရန်နောင်ထွဋ်(ခ)လူစီဖာ(ခ)ရဲရင့် (ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ အောင်နိုင်ဝင်း(ခ)ကိုဖြိုး၊ မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ ဖေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘေဘေ။

နှင့်အတူ မော်တော်ယာဉ်ဖြင့် အင်းစိန်မြို့နယ်အောင်ဆန်းရပ်ကွက်အောက်မင်္ဂလာဒုံလမ်း အောင်ဆန်းဈေးရှေ့ရှိ လမ်းဘေးအသုပ်ဆိုင်အနီးသို့ သွားရောက်ကာ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျမှ အသုပ်ဆိုင်တွင် ထိုင်နေသည့် ရာအိမ်မှူး ဦးဇော်မင်းထွန်း (၅၂)နှစ်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အလားတူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင်လည်း တရားခံ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ (ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ)အငယ်လေးနှင့် မျိုးမြင့် (ခ) ခြူးလေး (ခ) ဂျိမ်းတို့သည် မသက်(ဖမ်းမမိ)၊ ဆန္ဒ(ဖမ်းမမိ)၊ ဒသသ(ဖမ်းမမိ)တို့နှင့် ပူးပေါင်း၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉) ရပ်ကွက် မကွေးလမ်းနှင့် ရွှေဝတ်မှုံလမ်းဆုံ၌ အမှတ်(၁၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ဇော်ဦးနှင့် ဇနီးတို့အား ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ နေအိမ်မှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Sigsauer အမျိုးအစား အနက်ရောင် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ 9 mm Luger ကျည် ၁၅ တောင့်၊ Golock အမျိုးအစားအနက်ရောင် ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ 9 mm ပွိုင့် ၃၈၀ ကျည် ၁၅၃ တောင့်၊ လက်ပစ်ဗုံးတစ်လုံး၊ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် နံပါတ်အတုတပ်ဆင်အသုံးပြုသော Toyota Fielder အမျိုးအစားအဖြူရောင် မော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်စစ်ဆေးပေါ်ပေါက်ချက်အရ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ဇနီး မသင်းပွင့်စံ(ဖမ်းမမိ) နေထိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၆)ရပ်ကွက် အောင်သိဒ္ဓိလမ်း "မိဘဂုဏ်ရည်" အဆောင် အခန်းအမှတ်(၃)သို့ ဆက်လက်ရှာဖွေခဲ့ရာ အခန်းအတွင်းရှိ အိပ်ရာအနီးမှ CZ 75D A 134321 စာတန်းပါ အနက်ရောင်ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ 9 mm Luger ကျည် ငါးတောင့်၊ Thai Arms ကျည် လေးတောင့်တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းခန့်ကိုကို(ခ) ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၏ ထွက်ဆိုချက်အရ ၎င်းတို့အကြမ်းဖက်အဖွဲ့ဝင်ဖြစ်သည့် မင်းစံ(ခ)မျိုးဦး(ဖမ်းမမိ) နေထိုင်သည့်လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၉)ရပ်ကွက် ချောင်းဦးလမ်း အမှတ်(၃၃၃/က)နေအိမ်မှ အနက်ရောင် ၇၉ ဗုံးပစ်လောင်ချာ နှစ်လက်၊ အနက်ရောင် M 16 မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၄၀ မမကျည် ငါးတောင့်၊ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် ဆားကစ်ပြား အခု ၅၀၀၊ နီ/နက်အရောင် အဖွင့်အပိတ်ခလုတ် ၁၀၀၊ Panasonic စာတန်းပါ ဓာတ်ခဲခြောက် ၁၀ လုံးစီပါ စက္ကူဖာ ၃၀၊ PVC စာတန်းပါ ပိုင်ယာကြိုးခွေ ငါးခွေ၊ ပိုင်ယာကြိုးပါ ဓာတ်ခဲခြောက်နှင့်တွဲသည့် ကတ်သီး ၃၀၀၊ ဒီတိုနေတာ အချောင်း၂၀၊ ယမ်းကြိုးခွေ တစ်ခွေ၊ မီတာထောက်ကိရိယာ နှစ်ခု၊ ကော်အရည်ဖျော် Gun တစ်ခု၊ Remote မျိုးစုံ သုံးခု၊ အပြာရောင် PVC ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်ဗုံး တစ်လုံး၊ Keypad ဖုန်း နှစ်လုံး၊ ဓာတ်ခဲအားသွင်းစက် တစ်ခု၊ ဘက်ထရီ စက်ဘီးအားသွင်းကြိုး တစ်စုံ၊

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှ

သံပိုက်ဖြင့် ပြုလုပ်ထားသာ လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်ဗုံးပြုလုပ်ရာတွင် အသုံးပြုသည့် သံတိုသံစ တစ်ဖာ၊ မီးတိပ် မျိုးစုံ ၁၇ ခွေ၊ 9 mm Thai Arms ပစ္စတို ကျည် ၉၆ တောင့်၊ 380 Auto USA –A ပစ္စတိုကျည် ၄၈ တောင့်၊ 380 Auto Thai Arms ပစ္စတိုကျည် ၁၃ တောင့် တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်ခဲ့ကြသည့် ဖမ်းဆီးရမိတရားခံ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊ မိုးစက်အောင်(ခ) ကိတ်ကိတ်(ခ) တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုးတို့ သုံးဦး၏ ထွက်ဆိုချက်အရ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း ပိတောက်(၃)လမ်း (၅) လမ်းနှင့် (၆) လမ်းကြား အမှတ် (၂၁၆)ဂိုဒေါင် အတွင်း သို၀ှက်သိမ်းဆည်းထားသော လက်လုပ်ရှေ့တိုက်ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့် သတ္တုပိုက် ကိုးချောင်း၊ AB ကော်ဘူး ခြောက်ဘူး၊ သတ္တုဖင်ပိတ် ကိုးခု၊ သတ္တုပြား ကိုးခု၊ သတ္တုတုံး ကိုးတုံး၊ မိုလောင်းထားသည့် ထိပ်ဖူး ကိုးခု၊ ဝိုင်ယာကြိုးအနီခွေ တစ်ခွေနှင့် ဝါရှာကွင်း ၃၀ တို့ကို လည်းကောင်း။

မိုးစက်အောင်(ခ) ကိတ်ကိတ်(ခ) တရုတ်လေး၊ ဗေရယ်မိုးနိုင်(ခ)သီရိ(ခ) ဘောဘောတို့နှစ်ဦး၏ ထွက်ဆိုချက်အရ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ဝိဇ္ဇာ(၃) လမ်း အိမ်အမှတ်(၁၀၈)တွင် သို၀ှက် သိမ်းဆည်းထားသော လက်လုပ်ရှေ့တိုက် ဒုံးများပြုလုပ်ရာတွင် အသုံးပြုသည့် ယမ်းတုံးမျိုးစုံ ၃၆ တုံး၊ လက်လုပ်ရှေ့ တိုက်ဒုံး ဒလက်/အမြီး ၃၆ ခု၊ သတ္တု/ သံအဝိုင်းပြား ၁၈ ပြား၊ Receiver ၁၀ ခု၊ ရီမို တစ်ခု၊ ဓာတ်ခဲ ရှစ်လုံး၊ လက်လုပ် ရှေ့တိုက်ဒုံးထိပ်ဖူးစနက် ကိုးခု၊ လျှပ်စစ် ဒီတိုနေတာ နှစ်ချောင်း၊ ခလုတ် လေးခု၊ Audio ဂျက်ပင်ခေါင်း ငါးခု၊ လက်လုပ်မိုင်း သံကိုယ်ထည် ခြောက်ခု၊ လေးလက်မပိုက် အတွင်း သံမှိုများထည့်ထားသည့် လက်လုပ်မိုင်းကိုယ်ထည် သုံးခု၊ Wifi နှင့် Camera တပ်ဆင်ထားသည့် Receiver တစ်ခုတို့ကိုလည်းကောင်း အသီးသီး ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်မှုနှင့် အကြမ်းဖက်လုပ်ကြံ ပစ်ခတ်မှုများ ကျူးလွန်ခဲ့သူများဖြစ်ကြသည့် ရန်နောင်ထွဋ်(ခ) လူစီဖာ(ခ)ရဲရင့်(ခ)လရောင်၊ ထွန်းနိုင်စိုး(ခ)ဘီးကျဲ၊











သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များ၊ လက်နက်ခဲယမ်းများနှင့် လက်လုပ်ရှေ့တိုက်ဒုံးများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ။

မိုးစက်အောင်(ခ)ကိတ်ကိတ်(ခ)တရုတ်လေး၊ အောင်နိုင်ဝင်း(ခ) ကိုဖြိုး၊ ဗေရယ်မိုးနိုင်(ခ)သီရိ(ခ)ဘောဘော၊ ဝင်းခန့်ကိုကို(ခ)ငှက်ကလေး(ခ)ရှိုင်းဝဏ္ဏ(ခ)အောင်ဇေယျ၊ တင်ဝင်းလှိုင်(ခ) အငယ်လေးနှင့် မျိုးမြင့်(ခ)ချေးလေး(ခ)ဂျိမ်းတို့ ရှစ်ဦးအား ပြစ်မှုများကျူးလွန်စဉ် အသုံးပြုခဲ့သည့် မော်တော်ယာဉ် နှစ်စီး၊ လက်နက်မျိုးစုံ ခြောက်လက်နှင့် ခဲယမ်းများ၊ အကြမ်းဖက်ဖောက်ခွဲမှုနှင့် လက်လုပ်ရှေ့တိုက်ဒုံးများ ပြုလုပ်ရန် ပြင်ဆင်ထားသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ အကြမ်းဖက်မှု ပြုလုပ်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဖမ်းဆီးရန်ကျန်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့၀ှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့၊ ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

## စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ ကွင်းဆင်းစစ်ဆေး



**နတ်မောက် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များအား ယမန်နေ့ နံနက် ၁၀ နာရီခန့်က မြို့နယ်မီးသတ်ဦးစီးဌာနမှ လိုက်လံစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်အတွင်းရှိ စက်သုံးဆီ အရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မိမိဈေးဆိုင်ပတ်ဝန်းကျင်တွင် လောင်စာအမှိုက်သရိုက်များရှင်းလင်းထားရန်၊ မိမိဈေးဆိုင်ခန်းနှင့် ဈေးဆိုင်ဥပစာအတွင်း ခွင့်ပြုချက်မရှိဘဲ လောင်စာဆီသိုလှောင်ခြင်း၊ ရောင်းချခြင်းမပြုလုပ်ရန်၊ မီးလောင်ကျွမ်းမှု၊ မီးလန့်မှု မဖြစ်ပေါ်စေရန် မီးဘေးလုံခြုံရေးအတွက် ရေပုံးနှင့် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများ ထားရှိရန်၊ ပေါက်ပြဲဆွေးမြေ့နေသော လျှပ်စစ်ဝါယာကြိုးများ အသုံးမပြုရန်၊ ဆိုင်တွင်လူမရှိသောအခါ လျှပ်စစ်မိန်းခလုတ်များပိတ်ထားရန်၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ရေးသားထားရှိရန်၊ မီးလောင်မှုများဖြစ်ပွားပါကလည်း ဆုံးရှုံးမှုနည်းပါးစေရေးနှင့် အချိန်မီ မီးငြိမ်းသတ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ လက်တွေ့သရုပ်ပြကွင်းဆင်းဆောင်ရွက် စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၅)

## ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးဘယ်ရီယာတုံးများ တိုက်မိတိမ်းမှောက်

**မန္တလေး ဇန်နဝါရီ ၄**

ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ်(၁၁၇/၀-၁)ကြားတွင် ဇန်နဝါရီ ၁ ရက် နံနက် ၃ နာရီခွဲ ခန့်ကယာဉ်မတော်တဆမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ဖြူးအမြန်လမ်း မီးသတ်စခန်းမှတပ်ဖွဲ့ဝင်များ၊ ဖြူးအမြန်လမ်းရဲစခန်းမှ စခန်းမှူးနှင့်တပ်ဖွဲ့ဝင်များကကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်မှာနေပြည်တော်မှ ရန်ကုန်ဘက်သို့မောင်းနှင်လာသော YUTONG အမျိုးအစား အနီရောင်ခရီးသည်တင်ယာဉ်သည် အဆိုပါမိုင်တိုင်အရောက်တွင် ယာဉ်မောင်းအိပ်ငိုက်၍ လမ်းဘေးတွင် ကာရံထားသော ဘယ်ရီယာတုံးများအားဝင်ရောက်တိုက်မိ တိမ်းမှောက်ရပ်တန့်သွားခဲ့သည်။ ယာဉ်မတော်တဆမှုကြောင့် ယာဉ်ပေါ်ပါအမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၂ ဦး၊ ကလေး၂ ဦး၊ စုစုပေါင်း ၄၅ ဦး အနက် အမျိုးသမီး ၁ ဦးသေဆုံးပြီး အမျိုးသား၁၀ဦး၊ အမျိုးသမီး ၂၁ ဦး၊ ကလေး၂ ဦး၊ စုစုပေါင်း ၃၃ ဦးဒဏ်ရာရရှိသဖြင့် အမြန်လမ်း ကြက်ခြေနီတပ်ဖွဲ့ယာဉ်ဖြင့် ဖြူးမြို့နယ်ဆေးရုံသို့ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

## သာစည်မြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီက သက်သေများနှင့်အတူ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် မဆုစန္ဒီဝင့်ဆိုသူ သယ်ဆောင်လာသော လက်ဆွဲခြင်းအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၁၁၅ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီ ၁၅ မိနစ်က မြင့်ဇော်မိုး(ခ) ဦးချို(ခ)ဘူးချိုဆိုသူအား ၎င်းငှားရမ်းနေထိုင်သည့် တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်ရှိနေအိမ်တွင် စိတ်ပြောင်းဆေးဝါး ကက်တမင်း ၅၀ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မဆုစန္ဒီဝင့်(၃၄)နှစ်နှင့် မြင့်ဇော်မိုး(ခ) ဦးချို(ခ)ဘူးချို(၅၄)နှစ်ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## လူနေအိမ်တစ်လုံး မီးလောင်မှု ဖြစ်ပွား

**အောင်လံ ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ဇန်နဝါရီ ၂ ရက် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်က စက်ရုံရပ်ကွက်၊ ပြည်လမ်းရှိ လူနေအိမ် တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုအကြောင်းအရင်းမှာ နေအိမ်အတွင်းရှိ စတိုခန်းတွင်တပ်ဆင်ထားသည့် မီးပလပ်ခုံအပူလွန်ကဲရာမှ ဘေးရှိပစ္စည်းများ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အိမ်ရှင် ဦးဟိန်းထက်ဦးဆိုသူ၏(ပေ ၄၀ × ၂၅ပေ × ၁၂ ပေ)၊ RC(၁)ထပ် လူနေအိမ်မီးလောင်ပျက်စီးခဲ့ရာ အောင်လံမြို့၊ မြို့နယ်မီးသတ်စခန်းမှ Sino Truk မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ဒေါင်းဖန်း မီးငြိမ်းသတ်ယာဉ်တစ်စီး၊ CNJ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မိုးကောင်းနယ်မြေမီးသတ်စခန်းမှ CLW မီးသတ်ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၂၃ ဦး၊ စက်ရုံရပ်ကွက် အရန်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ် တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးစုစုပေါင်း ၇၃ ဦးဖြင့် ရေဂါလန်(၁၆၀၀၀)ခန့် အသုံးပြုငြိမ်းပက်ခဲ့သည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၇၈၀၀၀၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ (Agro Based Industry)ကို တန်ဖိုးမြင့် ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန်လို...

❖ ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများနှင့် လူသားအရင်းအမြစ်များကို အသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုများ တိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၂/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားကို (၁)ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ (၂)နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက် ထိန်းသိမ်းရေး၊ (၃)စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊

စာမျက်နှာ ၁၀ သို့ ☆



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

## ဗလင်စီယာအသင်းကို အနိုင်ရပြီး ရီးရဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့

ဗလင်စီယာအသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ဇန်နဝါရီ ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ရီးရဲလ်မက်ဒရစ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။



အဲဒီပွဲစဉ်မှာ ဗလင်စီယာအသင်းက ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာ ရရှိခဲ့တဲ့ ဒူရိုရဲ့သွင်းဂိုးနဲ့ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး နောက်ပွဲကစားချိန် ၅၅ မိနစ်မှာ ဘယ်လင်ဂမ်ရဲ့သွင်းဂိုးလွဲချော်ခဲ့ရသလို ၅၉ မိနစ်မှာ အမ်ဘတ်ပီရဲ့သွင်းဂိုးကလည်း ဂိုးအဖြစ်သတ်မှတ်ခံခဲ့ရခြင်း မရှိခဲ့တာဖြစ်ပါတယ်။

ရီးရဲလ်မက်ဒရစ်အသင်းက အိမ်ရှင်ဗလင်စီယာအသင်းရဲ့ ဦးဆောင်ဂိုးကို ပြန်လည်ချေပနိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားရင်း ဒုတိယပိုင်းပွဲကစားချိန် ၇၉ မိနစ်မှာ တိုက်စစ်မှူး ဗီနီစီးယပ်ဂျူနီယာ တိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရပေမယ့် ၈၅ မိနစ်မှာ ကွင်းလယ်ကစားသမား မိုဒရစ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

ရီးရဲလ်မက်ဒရစ်အသင်းအနေနဲ့ ဗလင်စီယာအသင်းကို သရေတစ်မှတ်ရရှိရေး ကြိုးစားယှဉ်ပြိုင်ရင်း သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ခြောက်မိနစ်မှာ ပင်နယ်တီလွဲချော်ခဲ့ရတဲ့ ဘယ်လင်ဂမ်က သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ရီးရဲလ်မက်ဒရစ်အသင်းဟာ အမှတ်ပေးဇယားဒုတိယနေရာက အက်သလက်တီကိုမက်ဒရစ်အသင်းထက် တစ်ပွဲပိုကစားထားပြီးချိန်မှာ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ဗလင်စီယာအသင်းကတော့ ရီးရဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယားအဆင့် ၁၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ရီးရဲလ်မက်ဒရစ်အသင်းဟာ ဗလင်စီယာအသင်းကို အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် စပိန်လာလီဂါဖလားကို (၃၇)ကြိမ်မြောက် ဆွတ်ခူးနိုင်ရေး မျှော်လင့်ထားတာဖြစ်ပါတယ်။

ငွေကြယ်